# ခရီးသွားလာခွင့်ပိတ်ပင်မှုနောက်ဆုံးအခြေအနေများ

*ယခု ညွှန်ကြားချက်သည် ၂၀၂၆ ခုနှစ် ဇန္နဝါရီလ ၅ ရက်နေ့ စတင်အသက်ဝင်ပြီး အပြောင်းအလဲ ရှိလာနိုင်ပါသည်။*

## ခရီးသွားလာခွင့် ပိတ်ပင်မှုဆိုတာ ဘာလဲ

၂၀၂၅ ခုနှစ် ဂျွန်လတွင် သမ္မတ ထရမ့် ထုတ်ပြန်သည့်အမိန့် အရ နိုင်ငံ ၁၉ နိုင်ငံမှ နိုင်ငံသားများကို အမေရိကန်ပြည်ထောင်စုကို ပြည်ဝင်ခွင့်ဗီဇာ တားမြစ်ပါသည်။ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ သူထုတ်ပြန်သည့် ထပ်တိုးသည့်နိုင်ငံစာရင်းတွင် အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ခွင့် မရှိသည့် နိုင်ငံစာရင်းကို ထပ်တိုးပါသည်။ တချို့နိုင်ငံများအတွက် နိုင်ငံသားအားလုံးကို ပိတ်ပင်တာဖြစ်ပြီး၊ တခြားနိုင်ငံများအတွက် ဗီဇာသတ်မှတ်ချက် ခေါင်းစဉ်တချို့အောက် လျှောက်ထားသူများကိုသာ ပိတ်ပင်ခြင်းဖြစ်ပါသည်။ အမေရိကန်ပြည်ထောင်စုအတွင်း တရားဝင်နေထိုင်ခွင့် ရှိပြီးသားသူများနှင့် သေချာသော အကြောင်းပြချက်များနှင့် ဗီဇာ ရရန်ကြိုးစားနေသူများအတွက် ချွင်းချက်ရှိပါသည်။ အရေးကြီးသည်မှာ ၂၀၂၆ ခုနှစ် ဇန္နဝါရီလ ၁ ရက် မတိုင်ခင် တရားဝင် ဗီဇာထုတ်ပေးခံထားရသူများ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ခွင့်ရှိပါသည်။ ချွင်းချက်များနှင့် ပတ်သက်သည့် အချက်အလက်များကို အောက်တွင် ကြည့်နိုင်ပါသည်။

## ခရီးသွားလာခွင့် ပိတ်ပင်မှုအရ ဘယ်နိုင်ငံက နိုင်ငံသားတွေကို ပြည်ဝင်ခွင့် ဗီဇာ ငြင်းပယ်တာပါလဲ၊ ဒါမှမဟုတ် ဘယ်သူတွေကို အမေရိကန်ပြည်ထောင်စုကို လာရောက်ခွင့် ပေးတာပါလဲ။

| **အောက်ဖော်ပြပါ နိုင်ငံမှ နိုင်ငံသားများအတွက် အမြဲတမ်းနေထိုင်ခွင့် ဗီဇာ၊ အလားတူ ကာလတခုအထိ နေထိုင်ခွင့်ရှိသော B-1, B2, B-1/B-2 (ဧည့်သည်)၊ F (ကျောင်းသား)၊ M (အသက်မွေးဝမ်းကြောင်း သင်တန်းတက်သူ) နှင့် J (ယဉ်ကျေးမှုဖလှယ်ရေးအစီအစဉ်) ဗီဇာများကို ပိတ်ပင်ပါသည်။** | **အောက်ပါနိုင်ငံများမှ နိုင်ငံသားများ၏ မည်သို့သောဗီဇာအမျိုးအစားမဆို လျှောက်ထားမှုကို တားမြစ်ပါသည်။** |
|---|---|
| • အန်ဂိုလာ<br>• အင်တီဂွာနှင့် ဘာဘူဒါ<br>• ဘန်နင်း<br>• ဘူရွန်ဒီ<br>• ကိုဒ်ဗွား<br>• ကျူးဘား<br>• ဒိုမီနီကား<br>• ဂါဘွန်<br>• ဂမ်ဘီယာ<br>• မော်လဝီ<br>• မော်ရီတေးနီးယား<br>• နိုက်ဂျီးယီးယား<br>• ဆီနီဂေါ<br>• တန်ဇန်နီးယား<br>• တွန်ဂို<br>• တွန်ဂါ<br>• တပ်ခ်မန်နစ္စတန်<br>• ဗင်နီဇွဲလား<br>• ဇန်ဘီးယား<br>• ဇင်ဘာဘွေ | • အာဖဂန်နစ္စတန်<br>• ဘာကီးနားဖာဆို<br>• မြန်မာ<br>• ချက်<br>• ကွန်ဂို သမ္မတနိုင်ငံ (ဘရာဇာဗီးလ်)<br>• အီကွေတာဂီနီ<br>• အီရီထရီးယား<br>• ဟေတီ<br>• အီရန်<br>• လာအို<br>• လစ်ဗျား<br>• မာလီ<br>• နိုင်ဂျာ<br>• ဆီရီယာ လီယွန်း<br>• ဆိုမာလီယာ<br>• တောင်ဆူဒန်<br>• ဆူဒန်<br>• ဆီးရီးယား<br>• ယီမင်<br>• ပါလက်စတိုင်း အာဏာပိုင်များမှ ထုတ်ပေးသည့် အထောက်အထားနှင့် ခရီးသွားသူများ |

## ခရီးသွားလာခွင့် ပိတ်ပင်မှုမှာ ချွင်းချက် ရှိပါသလား?

| **အမေရိကန်ပြည်ထောင်စုကို လာဖို့ ကြိုးစားတဲ့ တချို့သတ်မှတ်ချက်အောက်က လူတွေအပေါ် ဗီဇာ/ခရီးသွားခွင့် ပိတ်ပင်မှုက ကင်းလွတ်ခွင့် ရှိပါတယ်။ ပါဝင်သူတွေထဲမှာ** | **ခရီးသွားလာခွင့် ပိတ်ပင်မှုသည် အောက်ဖော်ပြသူများအပေါ်မှာလည်း အကျုံးမဝင်ပါ။** |
|---|---|

| | |
|---|---|
| • အမေရိကန် နိုင်ငံသား<br>• ဥပဒေအရ အမြဲ နေထိုင်ခွင့်ရှိသူများ (LPRs, ဒါမှမဟုတ် အစိမ်းရောင်ကဒ် ကိုင်ဆောင်ထားသူ)<br>• နှစ်နိုင်ငံသား ခံယူထားသူများ<br>• အီရန်က ဘာသာရေးနဲ့ လူမျိုးစုဝင်တချို့<br>• အထူးခွင့်ပြုသည့် သံတမန်နှင့် အားကစားသမားများ | • အမေရိကန်ပြည်ထောင်စုအတွင်း တရားဝင်နေထိုင်ခွင့် ရပြီးသားသူများ၊ ဒုက္ခသည်မျှအသိအမှတ်ပြုထားသူသူများ၊ နိုင်ငံရေးခိုလှုံခွင့်ရထားသူများ၊ အမြဲတမ်းနေခွင့် LPR နှင့် တရားဝင် ဗီဇာ ရှိပြီး ဒီမှာရောက်နေသူများ<br>• အမေရိကန်ပြည်ထောင်စု အပြင်မှာရှိသော်လည်း အတည်ပြုချက်ရထားပြီး၊ တရားဝင်ဗီဇာ ရှိသူနှင့် ၂၀၂၆ ခုနှစ် ဇန္နဝါရီလ ၁ ရက် မတိုင်ခင် ဗီဇာထုတ်ပေးထားသူများ |

**ကျနော်က အမေရိကန်ပြည်ထောင်စုမှာ ရှိနေပြီး နိုင်ငံရေးခိုလှုံခွင့် ဒါမှမဟုတ် အမြဲတမ်းနေထိုင်ခွင့် အစိမ်းရောင်ကဒ်လျှောက်ထားသူဆိုရင် ဘာဖြစ်ပါမလဲ။**

အမေရိကန်ပြည်ထောင်စုအတွင်း ရောက်နေပြီးသားဖြစ်ပြီး နိုင်ငံရေးခိုလှုံခွင့်၊ အမြဲတမ်းနေထိုင်ခွင့်အတွက် (ပြောင်းလဲခြင်း) နေထိုင်ခွင့် ထိန်းညှိပြင်ဆင်လျှောက်ထားမှုနှင့် လူဝင်မှုကြီးကြပ်ရေး အကျိုးခံစားခွင့် လျှောက်ထားသူများအပေါ် ခရီးသွားလာခွင့် ပိတ်ပင်မှုက သက်ရောက်မည်မဟုတ်ပါ။ သို့သော် ဒုက္ခသည်အားလုံးနှင့် ခရီးသွားခွင့် ပိတ်ပင်သည့် နိုင်ငံများမှ လူအားလုံး၏ နိုင်ငံရေးခိုလှုံခွင့်နှင့် အမြဲတမ်းနေထိုင်ခွင့်အတွက် (အစိမ်းရောင်ကဒ်) ထိန်းညှိပြင်ဆင်လျှောက်ထားသည့် လုပ်ငန်းစဉ်များကို USCIS မှ ရပ်ဆိုင်းထားပါသည်။

**ကျနော်က ဒုက္ခသည်ပါ။ ကျနော့ ဇနီးနဲ့ သားသမီးတွေ I-730 ဒုက္ခသည် သို့မဟုတ် ခိုလှုံသူ၏ ဆွေမျိုးမိသားစု ခေါ်ယူသည့် လျှောက်ထားလွှာ အစီအစဉ်နဲ့ ရောက်လာနိုင်ပါသလား။**

ခရီးသွားလာခွင့် ပိတ်ပင်မှုတွင် ပိတ်ပင်ခံရသည့်နိုင်ငံမှ ဒုက္ခသည်များ၏ အိမ်ထောင်ဖက်နှင့် ကလေးငယ်များ အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ခွင့်ပြုမည်ဟု မပါရှိပါ။ သို့သော်လည်း ဒုက္ခသည်ဆိုင်ရာ လုပ်ငန်းစဉ်များ အားလုံးနီးပါးကို သီးခြား အစိုးရ အမိန့်များအရ ရပ်ဆိုင်းထားပါသည်၊ ထို့ကြောင့် နိုင်ငံအားလုံးနီးပါးမှ ဒုက္ခသည်အဖြစ် ဝင်ရောက်လာဖို့မှာ လက်ရှိအခြေအနေအရ မဖြစ်နိုင်ပါ။

**ကျနော်က နိုင်ငံရေးခိုလှုံခွင့်ရထားသူပါ။ ကျနော့ ဇနီးနဲ့ သားသမီးတွေ I-730 ဒုက္ခသည်၊ နိုင်ငံရေးခိုလှုံသူ၏ ဆွေမျိုးမိသားစု ခေါ်ယူသည့် လျှောက်ထားလွှာ အစီအစဉ်နဲ့ ရောက်လာနိုင်ပါသလား။**

ခရီးသွားလာခွင့် ပိတ်ပင်မှုတွင် ပိတ်ပင်ခံရသည့်နိုင်ငံမှ ခိုလှုံခွင့်ရထားသူ၏ အိမ်ထောင်ဖက်နှင့် ကလေးငယ်များ လျှောက်ထားလွှာ အတည်ပြုပြီးသော် အမေရိကန်ပြည်ထောင်စုသို့ ဝင်ရောက်ခွင့်ပြုမည်ဟု မပါရှိပါ။ သို့သော်လည်း နိုင်ငံရေးခိုလှုံခွင့်ရထားသူများ၏ ဆိုင်းငံ့ထားသည့် မိသားစုခေါ်ယူရေး လျှောက်ထားခြင်းလုပ်ငန်းစဉ်များ အားလုံးနီးပါးကို သီးခြား အစိုးရ အမိန့်များအရ ရပ်ဆိုင်းထားပါသည်၊ ခရီးသွားခွင့် ပိတ်ပင်မခံရသော နိုင်ငံများမှ ဆင့်ပွား နိုင်ငံရေးခိုလှုံခွင့်ရထားသူများအနေနှင့် အမေရိကန်ပြည်ထောင်စုသို့ လာရောက်ရန် ဆက်လက် လုပ်ဆောင်နိုင်ပါသည်။

**ကျနော်က အမေရိကန်နိုင်ငံသား ဒါမှမဟုတ် အမြဲတမ်းနေထိုင်ခွင့် LPR (အစိမ်းရောင်ကဒ်) ရှိသူပါ။ ခရီးသွားခွင့် ပိတ်ပင်ခံထားရတဲ့ နိုင်ငံတခုက ကျနော့ ဇနီး၊ ကလေး ဒါမှမဟုတ် မိဘတွေအနေနဲ့ ကျနော်နဲ့ ပြန်ဆုံနိုင်ရေး အမေရိကားကို ပြည်ဝင်ခွင့် ဗီဇာ လျှောက်လို့ ရပါသလား။**

မရပါဘူး၊ ဒီဇင်ဘာလထုတ်ပြန်တဲ့ ခရီးသွားခွင့် ပိတ်ပင်တဲ့အမိန့်အရ အမေရိကန်နိုင်ငံသားနဲ့ အမြဲတမ်းနေခွင့်ရထားသူတွေရဲ့ ဆွေမျိုးတွေကို ချွင်းချက်နဲ့ ခွင့်မပြုပါဘူး။

**အထူး လူဝင်မှုကြီးကြပ်ရေး ဗီဇာ ရဖို့ကြိုးစားနေတဲ့ အာဖဂန်နစ္စတန်က နိုင်ငံသားတွေ ခရီးသွားလာခွင့်ကနေ ချွင်းချက်နဲ့ ဆက်ခွင့်ပြုထားပါသလား။**

မရပါဘူး။ ဒီဇင်ဘာလထုတ်ပြန်တဲ့ ခရီးသွားခွင့် ပိတ်ပင်တဲ့အမိန့်အရ အထူး လူဝင်မှုကြီးကြပ်ရေး ဗီဇာ ရဖို့ကြိုးစားနေတဲ့ အာဖဂန်နစ္စတန်နိုင်ငံသားတွေ ဗီဇာထပ်ပြီး မရတော့ပါဘူး။

**ကျနော့အတွက် ဒါမှမဟုတ် အမေရိကန်ပြည်ထောင်စု အပြင်က ကျနော့ဆွေမျိုးတွေအတွက် မေးမြန်းချင်တာရှိပါတယ်။ အကူအညီကို ဘယ်မှာ ရှာနိုင်ပါသလဲ။**

တကယ်လို့ ခင်ဗျား မလုပ်ရသေးဘူးဆိုရင် လူဝင်မှုကြီးကြပ်ရေး ဥပဒေအကျိုးဆောင်နဲ့ ဆွေးနွေး အကြံအဉာဏ် ယူသင့်ပါတယ်။ https://www.immigrationadvocates.org/legaldirectory/ ဒါမှမဟုတ် ဒီမှာ https://ailalawyer.com/ မှာ အကူအညီ ရှာနိုင်ပါတယ်။